# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မူပိုင်ခွင့်ဦးစီးဌာန
## ကြေညာချက်အမှတ် (၃ / ၂၀၂၄)
## ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
## (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

မူပိုင်ခွင့်ဦးစီးဌာနသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

**စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအား လူကိုယ်တိုင်လာရောက်လျှောက်ထားမည့်သူများ သိရှိဆောင်ရွက်ရမည့် အချက်အလက်များ**

၁။ **လျှောက်လွှာရယူခြင်း**

စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းလျှောက်လွှာပုံစံ (ID – 1) အား ဖြည့်စွက်၍ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည်။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းလျှောက်လွှာပုံစံ (ID – 1) အား www.ipd.gov.mm ၏ Home page > Menu > စက်မှုဒီဇိုင်းမူပိုင်ခွင့် > လျှောက်လွှာပုံစံများ https://www.ipd.gov.mm/industrial-design/forms တွင် Download ရယူနိုင်သည်။

၂။ **လျှောက်လွှာအားဖြည့်သွင်းခြင်း**

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းလျှောက်လွှာပုံစံ(ID – 1) အား ဖြည့်စွက်ရာတွင် လျှောက်ထားချက်တင်သွင်းသည့်နေ့ (Filing Date) သတ်မှတ်ရန် လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအတွက် ID – 1 နှင့်အတူ ပူးတွဲ တင်ပြရမည့် အချက်အလက်များကို တင်ပြရမည်။

(ဂ) ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ဦးစီးဌာနက သတ်မှတ်ထားသော စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း အောင်လက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားရမည်။ ကိုယ်စားလှယ်ဖြင့် လျှောက်ထားရာတွင် ကိုယ်စားလှယ်ခန့်အပ်လွှာ (ID – 2 ) ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်လွှာပုံစံ

(ID – 1)နှင့်အတူ ပူးတွဲတင်ပြရမည့်အပြင် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းအောင်လက်မှတ်မိတ္တူကိုပါ ပူးတွဲတင်ပြရမည်။

(ဃ) ကိုယ်စားလှယ်ခန့်အပ်လွှာ (ID –2) အား www.ipd.gov.mm ၏ Home page > Menu > စက်မှုဒီဇိုင်းမူပိုင်ခွင့် > လျှောက်လွှာပုံစံများ https://www.ipd.gov.mm/industrial-design/forms တွင် Download ရယူနိုင်သည်။

## ၃။ လျှောက်လွှာဖြည့်နည်းလမ်းညွှန်များ

ID – 1 Form၊ ID – 2 Form များနှင့် အခြား Form များ၏ နမူနာဖြည့်သွင်းရန် နည်းလမ်းများကို https://www.ipd.gov.mm/industrial-design/guidelines-and-useful-information/user-guidelines တွင် အသုံးပြုသူများအတွက် လမ်းညွှန်ချက်များတွင် ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပါသည်။

## ၄။ အခကြေးငွေပေးသွင်းခြင်း

(က) ဦးစီးဌာန၏ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက် လက်ခံမည့် ရုံးချုပ်နှင့် ရုံးခွဲများသို့ လာရောက်လျှောက်ထားခြင်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေများကို ကတ်ပေးချေမှု လက်ခံစက်ဖြင့် ငွေပေးချေမှုနည်းလမ်း (Point of Sale – POS ) စနစ်ဖြင့် ပေးသွင်းရမည်။

(ခ ) POS စနစ်ဖြင့် ပေးသွင်းရာတွင် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်ဘဏ်မှမဆို ထုတ်ဝေထားသည့် MPU Card တို့ဖြင့် ဖြစ်စေ၊ CB Pay၊ AYA Pay တို့ဖြင့် ဖြစ်စေ၊ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) ပြည်ပနိုင်ငံအသီးသီးတွင် ပြုလုပ်ထားသည့် Visa/ Master/ JCB/UPI Card စသည်တို့ဖြင့် ဖြစ်စေ ပေးသွင်းနိုင်မည်။

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအတွက် ကနဦးအခကြေးငွေအား စက်မှုဒီဇိုင်းအရေအတွက်အလိုက် ပေးသွင်းရမည်။ ထို့ပြင် လျှောက်ထားချက်တွင် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုထားပါက ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်းအတွက် သတ်မှတ်အခကြေးငွေကိုပါ ထပ်မံပေးသွင်းရမည်။ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်းအတွက် အခကြေးငွေအား စက်မှုဒီဇိုင်းအရေအတွက်အလိုက် ပေးသွင်းရမည်။

ဥပမာ-

- စက်မှုဒီဇိုင်းအရေအတွက် တစ်ခုအတွက် ကျပ် ၁၂၀,၀၀၀/- ပေးသွင်းရမည်။ အကယ်၍ အဆိုပါစက်မှုဒီဇိုင်းတစ်ခုအတွက် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်းတောင်းဆိုပါက ကျပ် ၃၅,၀၀၀/- ထပ်မံပေးသွင်းရမည်။
- စက်မှုဒီဇိုင်းအရေအတွက် နှစ်ခုအတွက် ကျပ် ၂၄၀,၀၀၀/- ပေးသွင်းရမည်။ အကယ်၍ အဆိုပါစက်မှုဒီဇိုင်းနှစ်ခုအတွက် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုပါက ကျပ် ၇၀,၀၀၀/- ထပ်မံပေးသွင်းရမည်။

(ဃ) လျှောက်ထားသော စက်မှုဒီဇိုင်းသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိပြီး ကန့်ကွက်ချက်မရှိပါက နည်းဥပဒေ ၃၆ အရ သတ်မှတ်ထားသည့် ကာလအတွင်း စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို မှတ်တမ်းတင်ခြင်းအခကြေးငွေအား စက်မှုဒီဇိုင်းအရေအတွက်အလိုက် ထပ်မံပေးသွင်းရမည်။

ဥပမာ-

- စက်မှုဒီဇိုင်းအရေအတွက် တစ်ခုအတွက် ကျပ် ၁၀၀,၀၀၀/- ပေးသွင်းရမည်။
- စက်မှုဒီဇိုင်းအရေအတွက် နှစ်ခုအတွက် ကျပ် ၂၀၀,၀၀၀/- ပေးသွင်းရမည်။

**၅။ လျှောက်လွှာလက်ခံသည့်ဌာနများ**

လျှောက်လွှာလက်ခံမည့်ဌာနများအား အောက်ပါတို့တွင် ဖွင့်လှစ်ထားရှိပါသည်-

| | | |
|---|---|---|
| နေပြည်တော်ရုံးချုပ် | - | ရုံးအမှတ် (၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊<br>ဖုန်း ၀၆၇၃၄၃၀၅၉၄၄၊ |
| အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) | - | အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁၈၃၈၀၂၆၅၊ |
| အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး) | - | ၃၅လမ်းနှင့်၆၃ x ၆၄လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့၊<br>ဖုန်း ၀၉၈၉၀၆၁၅၁၅၂။ |

**မူပိုင်ခွင့်ဦးစီးဌာန**